
Success
Lynn Thaik Nyunt
Myanmar's Land
လင်းသိုက်ညွန့်
(မြန်မာ့မြေ)
လုပ်ငန်းခွင်ဆိုင်ရာ
အမေးအဖြေများ
Q&A
design : ဆိုင် 09250201484

# လင်းသိုက်ညွန့် (မြန်မာ့မြေ)၏
# ကိုယ်ရေး အကျဉ်း



၁၉၈၆ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်တွင် ဦးစိုးအောင်+ ဒေါ်သီသီသိုက်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ လင်းသိုက်ညွန့်ဖြစ်သည်။ စာပေလောကသို့ နဝမတန်း၊ အသက် (၁၄) နှစ်

အရွယ်တွင် စက်တင်ဘာလ ၂၀၀၀ ပြည့်နှစ်ထုတ် ဗြူတီ (Beauty) မဂ္ဂဇင်းတွင် "ကျွန်တော် အကြိုက်ဆုံး စာအုပ်တစ်အုပ်" ဟူသော ဆောင်းပါးဖြင့် စတင် ဝင်ရောက်ခဲ့သည်။ လက်ရှိအချိန်တွင် စာရေးသူအနေဖြင့် လုံး ဝတ္ထု (၈) အုပ်၊ ဆောင်းပါး ပေါင်းချုပ် (၁၄) အုပ် ထုတ်ဝေခဲ့ပြီး HR ဂျာနယ်၊ အလင်းတန်း ဂျာနယ်၊ Fashion Image Magazine၊ Teen Magazine၊ Perfect မဂ္ဂဇင်း၊ SME မဂ္ဂဇင်း၊ Eternal Light Magazine တို့တွင် ဆောင်းပါး၊ ဝတ္ထုများ၊ လစဉ်၊ အပတ်စဉ် ရေးသားချက် ရှိကာ ဆောင်းပါးပုဒ်ရေ (၁၀၀၀)ကျော်၊ ဝတ္ထုပုဒ်ရေ (၄၀) ကျော် ရေးသားပြီးဖြစ်သည်။

စာရေးသူသည် Knowledge Bridge Magazine ၏ Contributor တစ်ယောက်ဖြစ်ပြီး MHR Management Institue တွင် Lecturer သင်တန်းပြ အဖြစ် ဆောင်ရွက်ခဲ့ပြီး NCC, ABE Courses များ၏ အတိုင်ပင်ခံ သင်တန်းနည်းပြ (Expert Consultant) အဖြစ်သင်တန်းများ၊ ကုမ္ပဏီများ၊ Media လုပ်ငန်းများတွင် Cor-porate Training များ ပို့ချပေးလျက်ရှိသည်။



London Metropolitan University မှ B.Sc (Hons) ဘွဲ့၊ ရန်ကုန် တက္ကသိုလ်မှ LL.B ဘွဲ့၊ NCC (UK) မှ၊ IDEC, IADCS ဒီပလိုမာနှင့် Advanced ဒီပလိုမာ၊ Association of Business Executives (UK) မှ Advance Diploma in Business Management တို့ကို ရရှိခဲ့ပြီး ၂၀၁၀ ခုနှစ်၊ ဇွန်လတွင် Association of Business Excutives (UK) ၏ Advanced Diploma in Business Management စာမေးပွဲ၊ SHRM ဘာသာရပ်၌ ကမ္ဘာ့အမှတ်အများဆုံး (World First) ရရှိခဲ့သည်။

လက်ရှိ အချိန်တွင် Myanmar's Land Success Motivation and Management သင်တန်းများ CEO And Founder အဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဆရာ အနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်မှ ဩဂုတ်လ (၃)ရက်နေ့အထိ အမေရိကန် ပြည်ထောင်စုတွင် ကျင်းပပြုလုပ်ခဲ့သော International Visitor Leader-ship Program သို့လည်း မြန်မာနိုင်ငံကိုယ်စားပြုတက်ရောက်ခဲ့သည်။ ဆရာအနေဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် အဖြစ်လည်းကောင်း၊ စာပေမြှင့်တင်လူ့စွမ်းအင်ပြိုင်ပွဲ၏ အကဲဖြတ်ကော်မတီဝင် အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး Sky Net, MRTV-4, MRTV, MITV, MWD, Readers Channel, Channel-7, ရွှေ FM, မန္တလေး FM, City FM တို့တွင်လည်း စာပေရေးရာ အစီအစဉ်များ၊ ဘဝအောင်မြင်ရေး ဟောပြောမှုများကို ပုံမှန်ထုတ်လွှင့်လျက်ရှိသည်။ ဆရာ့အနေဖြင့် ယခုအချိန်အထိ မြန်မာပြည်အနှံ့ စာပေဟောပြောပွဲ၊ Seminar, Workshop ပေါင်း ၅၀၀ ကျော် ဟောပြော ပြီးဖြစ်သည်။

*

စာရေးသူ၏ အမှာစာ
(Writer’s Meassage)



ဤစာအုပ်တွင် ဖော်ပြထားသော ဆောင်းပါးများမှာ Job Opportunity Journal ၏ အလုပ်အကိုင်ရေးရာ အမေးအဖြေကဏ္ဍတွင် စာရေးသူအနေဖြင့် အပတ်စဉ်ဖြေဆိုပေးခဲ့သော အမေးအဖြေများကို စုစည်း၍ ထုတ်ဝေထားခြင်းဖြစ်ပါသည်။ ယနေ့ စာရေးသူတို့၏ နိုင်ငံသည် ထွန်းသစ်စ ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်လာသည်နှင့်အညီ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ အမြောက်အများဝင်ရောက်လာလျက်ရှိရာ HR (Human Resource) ရေးရာ ဆောင်ရွက်မှုများကို ဤစာအုပ်အနေဖြင့် တစ်ထောင့်တစ်နေရာမှာ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ထုတ်ဝေခြင်း ဖြစ်ပါသည်။

**See You at the Top!**

**လင်းသိုက်ညွန့်(မြန်မာ့မြေ)**

**CEO And Founder**

**Myanmar’s Land, Success And Motivation**

**And Management Institute**

**(အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်)**

*

## မေးခွန်း (၁)

မေး။ ။ ဆရာရှင့် ကျွန်မက ဆရာရဲ့ ပရိသတ်တစ်ဦးပါ။ ဆရာ့စာတွေလည်း အမြဲဖတ်ပါတယ်။ ကျွန်မတိုင်ပင်ချင်တာ တစ်ခုကတော့ ကျွန်မလက်ရှိလုပ်နေတဲ့အလုပ်က လစာတော့ ကောင်းပါတယ်။ ဒါပေမယ့် စိတ်တော့တစ်စက်မှ မချမ်းသာရပါဘူး။ ပိုင်ရှင်က ဘယ်အချိန်မှာ ဘာပြောမလဲ၊ ဘယ်လိုဆူမလဲ၊ ဘယ်လိုဆဲခံရမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ နေနေရပါတယ်။ အခုချိန်မှာ အလုပ်တစ်ခုရဖို့ကလည်း မလွယ်တော့ ထွက်ဖို့ကလည်း လောလောဆယ်မှာ မဖြစ်နိုင်ဘူးဖြစ်နေပါတယ်။ အဲဒါ ကျွန်မအနေနဲ့ ဘယ်လိုလုပ်ရင်ကောင်းမလဲဆိုတာ ဆရာ့ဆီက အကြံလေး သိချင်လို့ပါရှင်။

ဖြေ။ ။ကျွန်တော့်စာတွေကို အမြဲဖတ်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်။ မတင်နွေးနွေး အခုရင်ဆိုင်နေရတဲ့ အခက်အခဲက လုပ်ငန်းခွင်ထဲမှာ ဝန်းထမ်းတွေ တွေ့ကြုံရလေ့ရှိတဲ့ အခက်အခဲမျိုးပါ။ တစ်ချို့အထက်လူကြီးများဟာ စိတ်ထားကောင်းပေမဲ့ အပြောအဆို ဝသီးဆိုးတာကြောင့် ဝန်ထမ်းအနေနဲ့ လုပ်ငန်းခွင် လုပ်ကိုင်ရတဲ့နေရာမှာ မလိုလားအပ်တဲ့ ဖိအား (Pressure)တွေ၊ စိတ်မချမ်းမြေ့မှုတွေ ဖြစ်ပေါ်စေပါတယ်။ တချို့လူကြီးတွေဟာ 'ကျွန်ုပ်စိတ်ထားကောင်းသည်။ သဘောမကောင်းပါ' လို့ ခပ်နောက်နောက်ရေးထားတဲ့ စာတမ်းအတိုင်း အမှန်တကယ် စိတ်ရင်းကောင်းပေမဲ့ ဝန်းထမ်းတွေကို ဆူတဲ့၊ ဆဲတဲ့ နေရာမျိုးမှာ ပြိုင်ဘက်ကင်းနေတာမျိုးတွေ ဖြစ်နိုင်ပါတယ်။

အခု မတင်တင်နွေး လုပ်နေတဲ့အလုပ်က လစာလည်း ကောင်းတယ်...

အလုပ်ထွက်ဖို့ကလည်း မဖြစ်နိုင်ဘူးဆိုတော့…ကျွန်တော့်အနေနဲ့ အကောင်းဆုံး အကြံပေးလိုတာကတော့ မတင်တင်နွေးအနေနဲ့ ပိုင်ရှင်နဲ့ အဆင်ပြေအောင် စေ့စပ်ညှိနှိုင်း ကြည့်ဖို့ပါ။

ဥပမာ-ပိုင်ရှင်ကို မိမိအနေနဲ့ အလုပ်ပေါ်မှာ ဘယ်လောက်အထိစေတနာထားပြီး စိတ်ပါလက်ပါလုပ်ကိုင်ကြောင်း သေချာနားလည် သဘောပေါက်အောင် ဆောင်ရွက်တာမျိုးတွေ၊ မိမိအနေနဲ့ ဆူတာဆဲတာကို မနှစ်သက်ကြောင်း သွယ်ဝိုက်သိရှိ စေတာမျိုးတွေ ပြုလုပ်လို့ရပါတယ်။

အကောင်းဆုံးနည်းလမ်းကတော့ မိမိအနေနဲ့လည်း အလုပ်ရှင်၊ ပိုင်ရှင် ကျေနပ်နှစ်သက်အောင် ပြုမူလုပ်ကိုင်ပြီး အလုပ်ရှင်၊ ပိုင်ရှင် အနေနဲ့လည်း မိမိအပေါ် အပြန်အလှန်လေးစားမှု (Mutual Respect)ရှိရှိ ဆက်ဆံလာအောင်၊ ယုံကြည်မှုကို အခြေခံထားတဲ့ အပြန်အလှန် နားလည်မှု (Mutual Understanding) တစ်ရပ်ဖြစ်လာအောင် ကြိုးပမ်းကြည့်စေချင်ပါတယ်။

*

## မေးခွန်း (၂)

မေး။ ။ဆရာခင်ဗျား ကျွန်တော့်ကို အကြံတစ်ခုလောက်ပေးစေချင်တယ်။ ကျွန်တော်ဝေခွဲမရ ဖြစ်နေလို့ပါ။ အလုပ်ကမရတော့လည်းမရလို့ ရတော့လည်း နှစ်ခုတောင်ဖြစ်နေပါတယ်။ ဘယ်ကိုရွေးချယ်ရမှန်းမသိအောင် ဖြစ်နေလို့ပါ။ တစ်ခုက Sale and Marketing လစာက သိပ်မကွာပါဘူးခင်ဗျာ။ ဒီလကုန်စဆင်းရမှာပါ။ ကျေးဇူးပြုပြီး အကြံပေးပါ ခင်ဗျာ။

ဖြေ။ ။ ပထမဆုံး အဓိကထား စဉ်းစားရမှာက ကိုယ်ဘာကို ဝါသနာပိုပါသလဲ။ စိတ်ပါဝင်စားသလဲဆိုတာပါ။ ကိုယ်က Sale and Marketing ကို ပိုအားသန်သလား...။ Office Staff လုပ်ရတာ ကို ပိုကြိုက်သလား...။ ကိုယ့်ကိုယ်ကိုယ် သေသေချာချာ ဆန်းစစ်မေးမြန်းကြည့်ဖို့လိုအပ်ပါတယ်။

ကမ္ဘာ့ HR လောကမှာတော့ ‘ကိုယ့်ရဲ့စိတ်ထဲက အလုပ်လုပ်နေတယ်လို့တောင် မထင်ရတဲ့ အလုပ်မျိုး...ကိုယ်က စိတ်ပါ လက်ပါ ပျော်ရွှင်နေတဲ့အလုပ်မျိုးဟာ ကိုယ်နဲ့အသင့်တော်ဆုံး အလုပ်ပဲ’ လို့ ဆိုပါတယ်။

ယေဘုယျအားဖြင့် အလုပ်တစ်ခုကို ရွေးချယ်တဲ့နေရာမှာ...

(၁) မိမိရဲ့ ဝါသနာဗီဇနဲ့ ကိုက်ညီမှု

(၂) အဆိုပါ အလုပ်နဲ့ ပတ်သက်ပြီး လိုအပ်တဲ့ ကျွမ်းကျင်မှု (Skill) မိမိမှာ ရှိမှု

(၃) မိမိအလုပ်ဝင်မယ့်အဖွဲ့အစည်းဟာ သင်ယူမှုကို ဦးစားပေးတဲ့ သင်ယူမှု

အဖွဲ့အစည်း (Learning Organization) ဖြစ်မှု

(၄) လုပ်ခလစာ၊ ရပိုင်ခွင့် စတာတွေဟာ မိမိလိုအပ်ချက်နဲ့ ကိုက်ညီပြီး သင့်တင့်လျောက်ပတ်မှု

(၅) အလုပ်တည်မြဲမှု အာမခံချက်(Job Security) ရှိမှု စတာတွေနဲ့

တိုင်းတာဆုံးဖြတ်နိုင်ပါတယ်။

ကိုအောင်သူရရဲ့မေးခွန်းကို ကျွန်တော့်ရဲ့ Personal အမြင်အရ ဖြေရမယ်ဆိုရင်တော့ Sale and Marketing အလုပ်ဟာ Office Staff အလုပ်ထက်စာရင် Professional ပိုဆန်ပြီး တက်လမ်း ရှိတဲ့အတွက် လခအတူတူ၊ အခြားအချက်အလက်တွေ အတူတူပဲဆိုရင် Sale and Marketing အလုပ်ကို ရွေးချယ်စေချင်ပါတယ်။

*

မေးခွန်း (၃)

မေး။ ။ဆရာရှင့်။ PR နဲ့ပတ်သက်လို့ လေ့လာရမယ့် အရာတွေနဲ့ PR တစ်ယောက်ရဲ့ တာဝန်ဝတ္တရားတွေကို သိချင်ပါတယ်ရှင့်။

ဖြေ။ ။ PR (Public Relation) ဆိုတာဟာ မားကတ်တင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှု (Marketing Communications) တွေထဲက တစ်ခုဖြစ်ပါတယ်။ မားကတ်တင်းပညာအရတော့ Marketing Communications လို့ ဆိုရာမှာ-

* Advertising

* Sales Promotion

* Personal Selliing

* Public Relation

* Direct Marketing စတာတွေပါဝင့်ပါတယ်။

PR ဆိုတာကတော့ မိမိရဲ့ ကုမ္ပဏီအဖွဲ့အစည်းနဲ့ ပြည်သူလူထု (Public) အကြား အပြန်အလှန်နားလည်မှု (Mutual Understanding) နဲ့နာမည်ကောင်းသတင်း (Goodwill) တွေရရှိစေဖို့ စနစ်အားလုံးကို ဆိုလိုပါတယ်။ ဒီနေရာမှာ PR ဆိုတာ ကြော်ငြာခြင်း(Advertising) နဲ့မတူးဘူးဆိုတာ အထူးသတိပြုရပါမယ်။

PR တစ်ယောက်ရဲ့ အဓိကတာဝန်ဝတ္တရားတွေကတော့ မိမိအဖွဲ့အစည်း၊

ကုမ္ပဏီနဲ့ပတ်သက်လို့...

* မကောင်းတဲ့အမြင် (Negative) တွေ ကောင်းမွန်တဲ့အမြင် (Positive) တွေဖြစ်လာဖို့

* ရန်လိုနေမှုတွေကို ကိုယ်ချင်းစာနားလည်နိုင်ဖို့

* ဒွိဟသံသယဖြစ်နေမှုတွေကို လက်ခံယုံကြည်လာနိုင်စေဖို့

* ခပ်တန်းတန်း ဖြစ်နေရာကနေ စိတ်ဝင်တစားရှိလာဖို့

ဆောင်ရွက်အားထုတ်ကြရတာ ဖြစ်ပါတယ်။

PR နဲ့ ပတ်သက်လို့ လေ့လာထားသင့်တဲ့အရာတွေကတော့... PR ဆောင်ရွက်လုပ်ဆောင်တဲ့နည်းလမ်း (Methods) တွေဖြစ်တဲ့...

* တိုက်ရိုက်အီးမေးလ်ပို့ခြင်း

* ကုန်သွယ်မှုဆိုင်ရာ ပွဲတော်များတွင် တင်ဆက်ပြောဆိုခြင်း။

* အရောင်းဆိုင်ရာရေးသားမှု (Sale Literature ) * Conferences/ Seminars များတွင် ပြောဆိုမှုစွမ်းရည်

* Merchandising စတာတွေနဲ့ ပတ်သက်လို့ မဖြစ်မနေ လေ့လာထားသင့်ပါတယ်။

*

## မေးခွန်း (၄)

မေး။ ။ဆရာခင်ဗျာ အခုချိန်မှာ ဆရာသိတဲ့အတိုင်းပါပဲ ဆရာဝန်တွေ အင်ဂျင်နီယာတွေက သူတို့နှင့်ဆိုင်တဲ့ Field မှာ မလုပ်ကြတော့ဘဲ ကျွန်တော်တို့လို ရိုးရိုးဘွဲ့ရတွေလုပ်တဲ့ အလုပ်မျိုးတွေကိုပါ လုပ်လာကြတော့ ကျွန်တော်တို့အတွက် အတော်ခက်ခဲလာပါတယ်။ သူတို့ကိုလည်း ယှဉ်နိုင်ဖို့ကမလွယ်ပါဘူး။ ကျွန်တော် သိချင်တာလေးက အဲဒီ လိုမျိုးအဖြစ်အပျက်တွေက တခြားနိုင်ငံတွေမှာလည်း ကြုံတွေ့ရတတ်ပါသလား။ သူတို့ဘယ်လိုဖြေရှင်း နေကြပါသလဲဆိုတာ ပြောပြပေးပါ။

ဖြေ။ ။ကိုယ်မေးတဲ့မေးခွန်းက ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးစနစ် (Education System) နဲ့ တိုက်ရိုက် သက်ဆိုင်ပါတယ်။
ကျွန်တော်တို့နိုင်ငံပညာရေးစနစ်အရ လူငယ်တော်တော် များများဟာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် သူတို့ရဲ့ တက္ကသိုလ်ပညာရေးကို ရွေးချယ်ကြတဲ့နေရာမှာ သူတို့ဝါသနာဗီဇ (Talent) ပါတာကို ရွေးချယ်ရတာ ထက်-

* ရာထူး

* အာဏာ

* ဥစ္စာ

ရရှိကြရေးကိုသာ ဦးတည်ရွေးချယ်ကြရတာ ဖြစ်တဲ့အတွက် အမှတ်မြင့်မြင့်မားမားရရှိကြတဲ့ ထူးချွန်လူငယ် တော်တော်များများဟာ ဆရာဝန်၊ အင်ဂျင်နီယာ၊ ရေကြောင်း၊ အာကာသပညာ စတဲ့…လိုင်းကောင်း သုံး၊

လေးလိုင်းလောက်မှာသာ ဝါသနာ (Talent) ပါပါ မပါပါ စုပြုံလုပ်ကိုင်လာကြပါတယ်။ နဂိုကတည်းက ထူးချွန်တဲ့လူတော်တွေ ဖြစ်တဲ့အတွက် ဘယ်လိုင်းကိုပဲလုပ်လုပ် အဆင်ပြေအလုပ်ဖြစ်အောင် လုပ်နိုင်ကိုင်နိုင်ကြပေမဲ့ အမှန်တကယ်ပင်ကိုဗီဇ ဝါသနာ (Talent) မရှိတဲ့အခါမှာ...ထိပ်တန်းရောက်လောက်အောင် ပေါက်မြောက်အောင်မြင်မှု အားနည်းလာကြပါတယ်။


တစ်ခါ ဒီ Effect က အလုပ်အကိုင် Labour Market မှာလည်းဘယ်လိုသက်ရောက်လာသလဲဆိုတော့ ထူးချွန်တဲ့လူငယ်တွေ တော်တော်များများက ဒီလိုင်းလေး သုံး၊ လေးလိုင်းလောက်ကို စုပြုံတိုးလာတဲ့အခါမှာ ဦးရေများပြားလာပြီး သက်ဆိုင်ရာ Professional Field မှာပေးနိုင်တဲ့ အလုပ်အကိုင် အရေအတွက်နဲ့ အဆမတန် များပြားလာတဲ့အတွက် ခုလို ဆရာဝန်၊ အင်ဂျင်နီယာတွေက ရိုးရိုးဘွဲ့ရတွေလုပ်တဲ့ အလုပ်မျိုးတွေကို ဝင်ရောက် လုပ်ကိုင်လာကြတာ ဖြစ်ပါတယ်။

ဒီလို အဖြစ်အပျက်မျိုးတွေက တခြားနိုင်ငံတွေမှာတော့ သူ Talent ပါရာပါရာ ပညာရေးကို ရွေးချယ်ပြီးလုပ်ကြတာများတဲ့ အတွက် ဒီလိုမျိုးအင်မတန်နည်းပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ HR လောကရဲ့ Trend အရ နောင်မှာလည်း ဒီလိုကိစ္စမျိုးတွေ ကြီးထွား များပြားလာနိုင်တဲ့အတွက် မိမိအတွက် Labour Market မှာ ထိုက်တန်တဲ့နေရာရလိုသူတွေအတွက် ကျွန်တော့်အနေနဲ့ အကောင်းဆုံး အကြံပေးလိုတာက မိမိကိုယ်ကို “T” Person ပုဂ္ဂိုလ်တွေ ဖြစ်အောင် ပြင်ဆင်ထားကြဖို့ပါပဲ။

“T” Person ဆိုတာကတော့ ရှင်းပါတယ်။ “T” ကို ပြောင်းပြန်လှန်ထားတဲ့ ပုံစံပါ။ ပိုပြီး သဘောပေါက်သွားအောင် ပုံလေးကို ကြည့်ကြည့်ပါ။

မိမိရဲ့ အထူးပြုဘာသာရပ် Professional ကိုလည်း ကျွမ်းကျင် သလို အခြား ကျယ်ပြန့်သော အသိသုတ (Wide General Knowledge)၊

ကွန်ပျူတာကျွမ်းကျင်မှု၊ ဘာသာစကား စတာတွေပါ ပြည့်စုံအောင် ဖြည့်ဆည်းထားပါမှ မိမိတို့နဲ့ ထိုက်တန်တဲ့နေရာများကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။




*

## မေးခွန်း (၅)

မေး။ ။ဆရာရှင့် အလုပ်တစ်ခုရဲ့ ဌာနအတွင်းမှာ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံတစ်ယောက်နဲ့တစ်ယောက် ချစ်ကြိုက်နေကြရင် ကျန်တဲ့သူတွေကို အုပ်ချုပ်ရာမှာ အနည်းနဲ့အများ ပြဿနာဖြစ်တာ တွေ့ရတတ်ပါတယ်။ အဲဒီလိုမျိုးဖြစ်တာတွေကိုတွေ့ရင် ဘယ်လိုအရေးယူမှုမျိုးလုပ်သင့်ပါသလဲ။

ဖြေ။ ။ဒီမေးခွန်းဟာ လူမှုရေးရာ ကိစ္စရပ်တွေနဲ့ လုပ်ငန်းခွင် ရောထွေးယှက်တင်လာမှုကို အခြေခံတာ ဖြစ်ပါတယ်။ ဒီလို ပြဿနာမျိုးတွေဟာကိုင်တွယ် ဖြေရှင်းရသူ…စီမံခန့်ခွဲ သူတွေအနေနဲ့လည်း တော်တော်လေး Sensitive ဖြစ်တဲ့ ကိစ္စပါ။

မှန်ပါတယ်။ အုပ်ချုပ်သူနဲ့အုပ်ချုပ်ခံ တစ်ယောက်နဲ့ တစ်ယောက်ချစ်ကြိုက်နေကြရင် ကျန်တဲ့သူတွေကို အုပ်ချုပ်ရာမှာ အနည်းနဲ့အများ ပြဿနာတတ်ပါတယ်။ မှန်ပါတယ်။ တကယ်က ကျန်တဲ့သူတွေကို အုပ်ချုပ်ရာမှာ သာမကပါဘူး။ ခုလို လူမှုရေးတွေ ရောထွေးလာတဲ့အတွက် ချစ်ကြိုက်နေကြတဲ့ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံတို့ နှစ်ယောက်ကြားမှာကိုက ပြဿနာတွေများစွာ ရှိလာနိုင်ပါတယ်။

ဒီလိုပြဿနာမျိုးတွေ ဖြစ်မလာအောင် ယေဘုယျအားဖြင့် တချို့ကုမ္ပဏီတွေကတော့ အလုပ်မဝင်ခင်ကတည်းက လုပ်ငန်းခွင်အတွင်းမှာ အချင်းချင်း သမီးရည်းစားမဖြစ်ရဘူး။ မချစ်ကြိုက်ရဘူးဆိုပြီး စည်းကမ်းတွေ အမျိုးမျိုးထုတ်ထားပြီး ကာကွယ်ထားတတ်ကြပါတယ်။ ဒါပေမဲ့လည်း ဒါဟာ

လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တွေ ပါဝင်လာတာကြောင့် နောက်ပိုင်း ဒီမိုကရေစီခေတ်မှာ ဝေဖန်မှုတွေ ရှိလာပါတယ်။

အစောပိုင်းကတည်းက စည်းကမ်းချက်တွေကို ထုတ်ပြန်မထားဘဲ ခုလို ပြဿနာကိစ္စမျိုးတွေ ဖြစ်ပေါ်လာတယ်ဆိုရင်တော့ အကောင်းဆုံးနည်းလမ်းက သက်ဆိုင်သူနှစ်ဦးကို ခေါ်ယူညှိနှိုင်းပြီး သူတို့ရဲ့ သဘောဆန္ဒအရ တစ်ယောက်ယောက်ကို မိမိအဖွဲ့အစည်းအတွင်းမှာပဲရှိတဲ့အခြားဌာန တစ်ခုခုကို ပြောင်းပေးသင့်ပါသည်။ ဒီနေရာမှာ အထူးသတိပြုသင့်တာက တစ်ယောက်ယောက်ကို အလုပ်ထုတ်ပစ်တာမျိုး၊ သူတို့မသွားလိုတဲ့၊ ဆန္ဒမရှိတဲ့ဌာနတစ်ခုကို ပြောင်းပစ်တာမျိုး မလုပ်သင့်ဘူး ဆိုတာပါပဲ။

*

## မေးခွန်း (၆)

မေး။ ။ ဆရာခင်ဗျာ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ လုပ်သင့်ပါသလား၊ ပြောင်းသင့်ပါသလား။ ဘယ်လိုအလုပ်မျိုးကို စွဲစွဲမြဲမြဲ လုပ်သင့်ပါတယ်ဆိုတာ အကြံဉာဏ်ပြု ဖြေကြားပေးစေလိုပါသည်။

ဖြေ။ ။ အလုပ်တစ်ခုမှာ စွဲစွဲမြဲမြဲ လုပ်သင့်ပါသလား၊ ပြောင်းလုပ်သင့်ပါသလား ဆိုတာတော့ လူတစ်ဦးချင်းစီပေါ်မှာလည်း မူတည်သလို၊ အခြေအနေ အချိန်အခါ အကြောင်းအခြင်း အရာပေါ်မှာလည်း မူတည်ပါတယ်။ တစ်ခါတစ်လေမှာ လက်ရှိ မိမိလုပ်ကိုင်နေတဲ့ အလုပ်အကိုင်ပေါ်မှာ ဘယ်လိုမှ စိတ်ပါဝင်စားမှု မရှိတော့တာမျိုး မိမိရဲ့ တိုးတက်ရာ တိုးတက်ကြောင်း ဘယ်လိုမှ မရှိတော့တာမျိုး၊ မိမိရဲ့စိတ်သဘောထား၊ ယုံကြည်မှုစတာတွေနဲ့ မသက်ဆိုင်တော့တဲ့ အချိန်အခါမျိုးမှာ မိမိအနေနဲ့ အလုပ်ပြောင်း လုပ်သင့်ပါတယ်။

အလုပ်တစ်ခုမှာ စွဲစွဲမြဲမြဲလုပ်ကိုင်ခြင်းအားဖြင့်တော့ မိမိအနေနဲ့ လုပ်သက် အတွေ့အကြုံ (Experience) များလာတာနဲ့အမျှ ကျွမ်းကျင်သူ (Expert) ဖြစ်လာနိုင်ခြင်း၊ လုပ်သက်များပြားမှု အကျိုးကျေးဇူးအမျိုးမျိုးတွေကို ခံစားရမှာ ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အလုပ်တစ်ခုခုမှနေ နောက်ထပ်အလုပ်တစ်ခုကို ပြောင်းလဲလုပ်ကိုင်ကြတော့မယ် ဆိုရင် -

* မိမိအတွက် ဘဝတက်လမ်း ပိုမိုရရှိနိုင်သလား။
* မိမိအတွက် သင်ယူမှု အခွင့်အလမ်းတွေ ပိုမိုရရှိနိုင်သလား။
* ရာထူးအဆင့်အတန်း၊ လုပ်ခလစာပိုမိုမြင့်မားရရှိနိုင်သလား။

* မိမိရဲ့ ပင်ကိုဗီဇဝါသနာနဲ့ ပိုမိုကိုက်ညီမှုရှိသလား။

* မိမိရဲ့ စိတ်ထား၊ ယုံကြည်မှု စတာတွေနဲ့ ပိုမိုကိုက်ညီမှုရှိလာသလား။

စတာတွေကို အသေအချာ ဆန်းစစ်လေ့လာစဉ်းစားသင့်ပါတယ်။ ကမ္ဘာ့ HR လောကမှာတော့ ဂျပန်၊ ကိုးရီးယားစတဲ့ ကုမ္ပဏီတွေဟာ အလုပ်မှာ စွဲမြဲလုပ်ကိုင်တာကို ပိုမိုသဘောကျပြီး အမေရိကန်၊ ဥရောပကုမ္ပဏီတွေကတော့ မိမိဘဝတက်လမ်း၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုပ်ပြောင်းလဲလုပ်ကိုင်တာကို ပိုမို သဘောကျ ကြပါတယ်။

*

## မေးခွန်း (၇)

မေး။ ။ ဆရာရှင့် ကျွန်မကတော့ ခုဆို ဘွဲ့တစ်ခုရပြီးလို့ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်ဖို့ စဉ်းစားနေပါတယ်။ အဲလို လုပ်ငန်းခွင်ဝင်ရာမှာ မိမိဝါသနာပါရာ လုပ်ငန်းခွင်ကို ဝင်ရောက် လုပ်ကိုင်မှတိုးတက်ပျော်ရွှင်မှုကို ရရှိနိုင်တယ်လို့ ဆိုကြပေမဲ့ ကျွန်မအနေနဲ့ဝါသနာပါရာကို ကိုယ်တိုင်တိတိကျကျမသိဘဲ ဟိုလိုလို ဒီလိုလိုဖြစ်နေပါတယ်။ ဒီတော့ရရာ အလုပ်လုပ်ရင်း ဝါသနာပါမပါ စမ်းသပ်ရမလား ဒါမှမဟုတ် ဘယ်လိုများ ကိုယ့်ဝါသနာကို ဖော်ထုတ်နိုင်မလဲ သိချင်ပါတယ် ဆရာ။

ဖြေ။ ။ သိပ်ကောင်းတဲ့မေးခွန်းပါ။ မဖြူဖြူအနေနဲ့ ကိုယ်ဝါသနာပါရာကို တိတိကျကျသိအောင်လုပ်တဲ့ နည်းလမ်းက လွယ်လွယ်လေးပါ။ ကျွန်တော်တို့ဆီမှာ ဝန်းထမ်းတွေတော်တော် များများဟာ မဖြူဖြူပြောတဲ့အတိုင်း…ကိုယ်ဝါသနာပါရာ တိတိကျကျမသိ၍ သော်လည်းကောင်း။ အခြေအနေအကြောင်း အမျိုးမျိုးတို့ကြောင့် သော်လည်းကောင်း၊ ကိုယ့်ဝါသနာနဲ့ မကိုက်ညီဘဲ အချို့ဆိုရင် လုံးဝဆန့်ကျင်တဲ့ အလုပ်အကိုင်တွေမှာ မပျော်ရွှင်နိုင်ကြပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ ဝန်ထမ်းတော်တော်များများဟာ ရုံးကိုနောက်ကျမှ လာချင်တယ်။ အစောဆုံးပြန်ချင်တယ်။ သောကြာနေ့ဆိုရင် သိပ်ပျော်ပြီး၊ တနင်္ဂနွေနေ့ညနေဆိုရင် လဒကြီး မှိုင်သလို ဖြစ်နေကြပါတာပါ။ မိမိရဲ့ အလုပ်အကိုင်မှာမှ မပျော်ရွှင်ရင် ဘဝမှာ တိုးတက်အောင်မြင်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။

တကယ်တော့ အလုပ်တစ်ခုကို ကိုယ်တကယ်ဝါသနာပါလား၊ မပါဘူးလား သိအောင်လုပ်တဲ့နည်းလမ်းက လွယ်လွယ်လေးပါ။ ‘အလုပ်တစ်ခုကို ကိုယ်ကလုပ်နေတယ်လို့တောင်မထင်ရတဲ့ အလုပ်မျိုး’ ဟာ ကိုယ်ဝါသနာပါပြီး ကိုယ်နဲ့အမှန်တကယ် အံဝင် ခွင်ကျကိုက်ညီတဲ့ အလုပ်မျိုးဖြစ်ပါတယ်။ မိမိအနေနဲ့ အလုပ်တစ်ခုကို လက်မှာပတ်ထားတဲ့ လက်ပတ်နာရီကို မကြည့်မိလောက်အောင်

စိတ်ပါဝင်စားလုပ်ဆောင်ဖူးပါသလားအဲ့သလို အလုပ်မျိုးကို မိမိရဲ့
အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အဖြစ်ရွေးချယ်လုပ်ကိုင်ဖို့
စေတနာရှေ့ထားပြီး အကြံပေးဖြေကြားလိုက်ရပါတယ်။

*

## မေးခွန်း (၈)

မေး။ ။ဆရာခင်ဗျား ခုကျွန်တော်ဟာ အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဖို့အတွက် စိတ်ကူးမိပါတယ်။ သို့ပေမဲ့ ထုတ်လုပ်မှုအပိုင်းကို သင်ယူဖို့ ကျွန်တော်အနေနဲ့ စိတ်မဝင်စားပါ။ ဒါကြောင့် ထုပ်လုပ်ရေးအပိုင်းကို သင်ကြားဖို့ ကျွန်တော့်ညီဝမ်းကွဲ တစ်ဦးအား သင်ယူခိုင်းပြီး အဲဒီ လုပ်ငန်းလုပ်ဖို့ စိတ်ကူးမိပါတယ်။ ဒီလုပ်ငန်းကို စတင်မယ့် ကျွန်တော်က ဒီလုပ်ငန်းရဲ့ထုတ်လုပ်ရေးပိုင်းကို ကျွမ်းကျင်မှုမရှိဘဲ လုပ်ဆောင်ရမှာ အဆင်ပြေပါ့မလား ဆရာ။

ဖြေ။ ။ ဟုတ်ပါတယ်…။ ကိုကြည်လွင် ပြောသလိုပါပဲ လူတစ်ယောက်အနေနဲ့ …စီးပွားရေးလုပ်ငန်းတစ်ခုကို စိတ်ဝင်စားပေမဲ့… ခုနကုန်ထုတ်လုပ်ရေးပိုင်းကို စိတ်မဝင်စားတာမျိုး ဖြစ်နိုင်ပါတယ်။ ယေဘုယျသဘောပြာရရင်တော့ လူတစ်ယောက်အနေနဲ့ မိမိလုပ်ကိုင်တဲ့ အလုပ်အကိုင် အသက်မွေးဝမ်းကျောင်းနဲ့ ပတ်သက်လို့ ခရေစေ့တွင်းကျ သဘောပေါက်နားလည် နိုင်လေလေ ကောင်းလေလေပါပဲ။

ဒါပေမဲ့… ‘Every one cannot perfect’ ဆိုတဲ့စကား အတိုင်း လူတိုင်းဟာ ဘက်ပေါင်းစုံပြီးပြည့်စုံဖို့ မဖြစ်နိုင်တဲ့အတွက်…လိုအပ်ချက်တွေက ရှိစမြဲပါ။ ဒါပေမဲ့…ကျွန်တော်တို့ အနေနဲ့ ဘက်ပေါင်းစုံ ပြီးပြည့်စုံတဲ့သူ (Perfect Man and Perfect Woman)တွေကို ပြီးပြည့်စုံတဲ့ အသင်းအဖွဲ့ (Perfect Team)တွေကိုတော့ ဖြစ်ပေါ်လာအောင် ဖန်တီး တည်ဆောက်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကိုကြည်လွင်အနေနဲ့…ကိုကြည်လွင်စိတ်ဝင်စားတဲ့ အိမ်တွင်းစီးပွားရေး လုပ်ငန်းကို Perfect Team အဖြစ် ဖွဲ့စည်းဆောင်ရွက်နိုင်အောင် အားထုတ်ဖို့ ဖြစ်ပါတယ်။

*